မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 26 , 2024 Volume 85 , Number 18


၂၆.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၆၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၀.၈၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၇.၆၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၆၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com



## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်းသကြားဈေး အမြင့်ဈေးတွင်ရှိ




ပြည်တွင်းသကြားဈေးအမြင့်ဈေးတွင်ရှိကြောင်း ဈေးကွက်က သိရသည်။

ပြီးခဲ့သည့်နှစ်က ဈေးကောင်းမရှိခဲ့သည့်အတွက် လျှော့ချစိုက်ပျိုးခဲ့၍ အထွက်နှုန်း လျော့ကျခဲ့ပြီးလက်ရှိတွင်သကြားလက်ကျန်နည်းနေကာဗီယက်နမ်က သကြားဈေးပိုပေး နေခြင်းကြောင့် သကြားဈေးကောင်းနေခြင်းဖြစ်ကြောင်း သကြားလုပ်ငန်းရှင်များက သုံး သပ်ထားသည်။

ပြီးခဲ့သည့် ကြံကြိတ်ရာသီအစ ဧပြီလက သကြားတစ်ပိဿာလျှင် ၃၂၀၀ ကျပ်မှ ၃၃၀၀ကျပ်ဝန်းကျင်သာရှိခဲ့ပြီး ယခုနှစ်အောက်တိုဘာလနောက်ဆုံးပတ်ကတည်းက တစ် ပိဿာလျှင် ၄၆၅၀ကျပ်သို့လည်းကောင်း၊နိုဝင်ဘာလအစက တစ်ပိဿာလျှင် ၄၇၅၀ ကျပ် သို့လည်းကောင်းတဖြည်းဖြည်းမြင့်တက်ခဲ့ရာလက်ရှိတွင် သကြားတစ်ပိဿာ လျှင် ၄၈၀၀ ကျပ်မှ ၅၁၀၀ ကျပ်ဝန်းကျင်ထိ ဈေးကောင်းရရှိနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်က သိရသည်။

“ကြံကြိတ်ခဲ့ရာသီကနှစ်စဉ်ဒီဇင်ဘာလကနေ ဧပြီလဆန်းပိုင်းအထိဆိုတော့ ကြံတွေ စကြိတ်နေပြီ၊ အခုမှ စကြိတ်ခါစရယ်၊ လက်ကျန်ကုန်နည်းတာရယ်ဆိုတော့ ဒီလိုချိန်တွေ မှာဈေးကကောင်းနေတာ။သကြားကတော့ဒီနှစ်ကဈေးကောင်းရတဲ့နှစ်ပါ”ဟု ရှမ်းတောင် ရွှေညောင်မှသကြားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဗီယက်နမ်အနေဖြင့် ပြည်တွင်းထွက်သကြားကို တရုတ်နိုင်ငံသို့တင်ပို့ပြီး မြန်မာပြည် မှသကြားကိုတင်သွင်းကာ သုံးစွဲနေခြင်းကြောင့် မြန်မာသကြားကိုဈေးကောင်းပေးလေ့ရှိ ကြောင်း သကြားလုပ်ငန်းရှင်များက ရှင်းပြထားသည်။

ပြည်တွင်းသကြားဈေးမှာ ပြီးခဲ့သည့်နှစ်များဖြင့်ယှဉ်ပါကလည်း အတက်ဈေးတွင်ရှိ နေပြီး ပြီးခဲ့နှစ်များက သကြားဈေးအမြင့်ဆုံးဈေး တစ်ပိဿာလျှင် ၃၀၀၀ ကျပ်ကျော်သာ ရှိခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က ပြည်ပသို့ တန်ချိန် တစ်သိန်းသုံးသောင်းခန့်အထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်ထက်မလျော့သော နှုန်းထားဖြင့် တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်မှာအရှုံးပေါ်ခဲ့ပြီး ကြံစိုက်ဧကများကို လျှော့ချစိုက်ပျိုးခဲ့ခြင်းများရှိခဲ့ကာ ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် ကြံတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ကြံစိုက်တောင်သူများထံက သိရသည်။

ယခုနှစ်တွင်သွင်းအားစုများဈေးမြင့်လာသဖြင့် တစ်ဧကကုန်ကျစရိတ်မှာယခင်နှစ်ထက်စာရင်ထက်ဝက်နီးပါးခန့်ဈေးများ မြင့်တက်လာခြင်းကြောင့် တောင်သူများအနေဖြင့်ကြံများလည်းဈေးကောင်းရရှိရေးမျှော်မှန်းနေကြကြောင်း သိရသည်။

လက်ရှိ export အနေဖြင့် ဗီယက်နမ်သို့ အများဆုံးတင်ပို့မည်ဖြစ်ကြောင်း ၊အီးယူနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့မည် ဖြစ်ကြောင်းသိရသည်။

**Source :** https://htwettoe.com/

## မုံရွာငုံးမွေးမြူရေးဇုန်မှတစ်ရက်လျှင် ငုံးဥအလုံး ၅ သိန်းကျော်ထွက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာငုံးမွေးမြူရေးဇုန်မှတစ်ရက်လျှင် ငုံးဥအလုံး ၅ သိန်းကျော်ထွက်ရှိကြောင်း သိရသည်။


မုံရွာငုံးမွေးမြူရေးဇုန်အတွင်း ငုံးမွေးမြူရေးလုပ်ငန်းရှင် ၄၀ ဦးကျော်မှငုံးကောင်ရေ ၆သိန်းကျော်အား ငုံးခြံ ၉၀ ဖြင့် မွေးမြူလျက်ရှိရာ ဒေသတွင်းစားသုံးရန် လုံလောက်သည့်အပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပါ တင်ပို့ရောင်းချရလျက်ရှိကြောင်း သိရသည်။

မုံရွာငုံးမွေးမြူရေးဇုန်၊ အစည်းအဝေးခန်းမသို့ ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများရောက်ရှိကာ ငုံးမွေးမြူရေးလုပ်ငန်းရှင်များနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ရာ ငုံးမွေးမြူရေးလုပ်ငန်းရှင်များက ငုံးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ငုံးမွေးမြူရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ငုံးမွေးမြူရေးဇုန်အတွင်း ငုံးများမွေးမြူထားရှိမှု၊ ငုံးဥများထုပ်ပိုးနေမှုများနှင့်အစာစပ်စက်ရုံတို့အား လိုက်လံကြည့်ရှုခဲ့သည်။

**Source : Popular News Journal**

## အထက်မင်းလှမြို့နယ်၌ ပဲနက် (ခေါ်) မောင်မခေါ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ဘွဲ့ကျေးရွာအုပ်စုရှိ ဇီးတောကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲနက် (ခေါ်) မောင်မခေါ်ပဲသီးနှံကို စိုက်ဧက ၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲနက်(ခေါ်)မောင်မခေါ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ၅ လ အကြာတွင်ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့်စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပဲနက်(ခေါ်) မောင်မခေါ်ပဲမျိုး တစ်တင်းခန့်ကုန်ကျကြောင်း၊ မျိုး ၊ မြေ

ပြုပြင်ခ၊ သွင်းအားစုလုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃ သိန်းခန့်ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ပဲနက်တစ်ဧကလျှင် ၁၅ တင်းခန့် ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက်ငွေကျပ် ၉ သိန်းခန့်အမြတ်ရရှိခဲ့ကြောင်း၊ ဒီဇင်ဘာလတတိယပတ်တွင်ပဲနက်(ခေါ်) မောင်မခေါ် ပဲတစ်တင်းလျှင် ငွေကျပ် ၈၈,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ယခုအချိန်တွင် ရာသီဥတုကောင်းမွန်၍ ပဲနက်(ခေါ်)မောင်မခေါ်ပဲစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ဈေးကောင်းရရှိပါကအကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲနက်စိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မကွေး)**

https://commerce.gov.mm/

## ကျောက်ဆည်မြို့နယ်၌ ကီလိုမာလကာသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ



မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်လွှဲ၊ တောင်နောက်၊ သံရွာ၊ သံနောက်နှင့် အရှေ့သပြေကုန်းကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိပြီး ဈေးကွက်ဝယ်လိုအားရှိသည့် ကီလိုမာလကာသီးနှံများကိုလည်း ယာမြေများတွင် အများဆုံးစိုက်ပျိုးလာကြကြောင်း သိရ သည်။

ကီလိုမာလကာပင်များကို ဩဂုတ်လနှင့်စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ကီလိုမာလကာစိုက်ပျိုးရာတွင် ကိုင်းကူးမျိုးစိုက်ပျိုးမှုနှင့် မျိုးစေ့စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ကိုင်းကူးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကီလိုမာလကာတစ်ပင်နှင့်တစ်ပင် အကွာအဝေး ၁၅ - ၁၆ ပေခြား၍ တစ်ဧကလျှင် ၃၅၀ ပင်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ကျပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၂ နှစ်ခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရောင်းချရပြီး ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာတစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၁၀၀-၁၂၀ ခန့်ထွက်ရှိပြီး တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၃၅,၀၀၀ လုံးခန့်ထွက်ရှိကြောင်း၊ လက်ကားဈေးတစ်လုံးလျှင် ငွေကျပ် ၃၀၀-၃၅၀နှုန်းဖြင့်ရောင်းချရပြီး တစ်နှစ်လျှင်စုစုပေါင်းငွေကျပ် ၈၅ သိန်းခန့်အမြတ်ရရှိကြောင်း ၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်ဒေသတွင်း ရောင်းချမှုအပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချကြောင်းသိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ပေါက်ခေါင်းမြို့နယ်၌ ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ





ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီးသီးနှံမျိုးစုံကိုလည်းစိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို မိသားစုတစ်နိုင်တစ်ပိုင်အနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးနှံကိုရာသီမရွေးစိုက်ပျိုးကာစိုက်ပျိုးပြီးတစ်လခွဲခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ ရုံးပတီမျိုးအနေဖြင့် အပင်ငယ်မျိုးကို စိုက်ပျိုးကြပြီး

တစ်ပင်နှင့်တစ်ပင်အကွာအဝေး ၂ ပေ ၃ ပေခြား၍ စိုက်ပျိုးရကြောင်း၊ ရုံးပတီသီးနှံတစ်ဧကလျှင် ရုံးပတီမျိုးစေ့ ၁၀၀ခန့် စိုက်ပျိုးနိုင်ပြီး မျိုးစေ့သွင်းအားစု၊ အလုပ်သမားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈ သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရုံးပတီသီးပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ရုံးပတီသီးလက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၂,၅၀၀နှုန်းဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၇ သိန်းခန့်အမြတ်ရရှိကြောင်း၊ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နှင့်ပြည်မြို့ရှိကုန်စိမ်းသီးနှံဒိုင်များသို့တင်ပို့ရောင်းချ၍ အကျိုးအမြတ်ရလျက်ရှိကြောင်း ရုံးပတီသီးနှံစိုက်တောင်သူများထံက သိရသည်။

**Source : DOCA (ပဲခူး)**

https://commerce.gov.mm/

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၀,၀၀၀ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ တတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကထွက်တဲ့ဆန်တွေကိုပြည်တွင်းဆန်ဈေးကွက်ကဝယ်လိုအားကောင်းနေပါတယ်။ လက်ရှိဒေသထွက် မိုးစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ဆန်ဈေးကလည်း အတက်အကျမရှိဘဲပုံမှန်အခြေအနေမှာရှိနေပါတယ်။လက်ရှိရန်ကုန်ဈေးကွက်မှာ ဆန်တွေဝယ်လိုအားကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရက် ၉၀ ဆန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ချလုပ်သားများလုပ်ငန်းအဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source : မြဝတီသတင်းစာ**

## နိုဝင်ဘာလတွင် စံချိန်တင်လျှပ်စစ်မော်တော်ယာဉ်အစီး ၁၆,၀၀၀ ကျော် ရောင်းချခဲ့သည့် VinFast




Vingroup ကုမ္ပဏီခွဲဖြစ်သည့် VinFast သည် နိုဝင်ဘာလတွင်လျှပ်စစ်မော်တော်ယာဉ် အစီး ၁၆,၀၀၀ ကျော်ရောင်းချခဲ့ရပြီး ပြည်တွင်းဈေးကွက်တွင်ယခုနှစ်အတွက်၎င်းတို့၏စုစုပေါင်းရောင်းချရမှုမှာ အစီးရေ ၆၇,၀၀၀ကျော်ပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၁၁ ရက်နေ့က ကြေညာခဲ့ပါသည်။

၂၀၂၄ ခုနှစ်၏ပထမ ၁၀ လတွင် ဗီယက်နမ်မော်တော်ကားနယ်ပယ်တွင် အကြီးမားဆုံးဈေးကွက်ဝေစုကို ပိုင်ဆိုင်ထားသည့် Vin Fast သည် နိုဝင်ဘာလတွင်လည်း အားကောင်းစွာရောင်းချခဲ့ရပြီး စက်တင်ဘာလရောင်းချရမှုထက် ၄၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ပျမ်းမျှအားဖြင့် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝှမ်းနေ့စဉ်အစီးရေ ၅၃၀ ကျော်ရောင်းချခဲ့ရကြောင်း သိရသည်။

စုစုပေါင်းအစီးရေ ၆၇,၀၀၀ ကျော်ရောင်းချခဲ့ရမှုနှင့်အတူ VinFast သည် ဗီယက်နမ်၏ဈေးကွက်ဦးဆောင်သူနေရာတွင် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

VinFast ၏ ကမ္ဘာလုံးဆိုင်ရာအရောင်းဒါရိုက်တာဖြစ်သူ Duong Thi Thu Trang မှ ထိုစံချိန်တင်ရောင်းချရမှုသည် သဘာဝပတ်ဝန်းကျင်နှင့်သင့်လျော်သော သယ်ယူပို့ဆောင်ရေးကို လူအများကသဘောကျမှုမြင့်တက်လာခြင်းနှင့် အစိမ်းရောင်အသွင်ကူးပြောင်းရေးဆီသို့ဦးတည်မှုကြီးထွားလာမှုကို ရောင်ပြန်ဟပ်ကြောင်းပြောကြားခဲ့သည်။

ကုမ္ပဏီသည် ဈေးကွက်၏မျှော်မှန်းချက်နှင့် တောင်းဆိုအားမြင့်မားလာမှုကိုဖြည့်ဆည်းပေးနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟုသိရသည်။

ထို့ပြင် VinFast သည် ၎င်းတို့၏ဝန်ဆောင်မှုကွန်ရက်ကိုတိုးချဲ့လျက်ရှိပြီး ယခုအခါနိုင်ငံတစ်ဝှမ်းတွင် Service Center ပေါင်း ၁၂၀ ဖြင့်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းနှင့်နိုင်ငံတကာမှဝယ်လိုအားကြီးထွားလာမှုကိုဖြည့်ဆည်းပေးရန် VinFast သည် ၎င်းတို့၏ ဒုတိယမြောက်လျှပ်စစ်မော်တော်ယာဉ်စက်ရုံကို Ha Tinh မြို့တော်ရှိ Vuc Ang စီးပွားရေးဇုန်တွင် တည်ဆောက်မည်ဟုသိရသည်။

စက်ရုံ၏ပထမအဆင့်ကို ၂၀၂၅ ခုနှစ်ဇူလိုင်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး နှစ်စဉ်အစီးရေ ၃၀၀,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်းသိရသည်။

**Source : Vietnam Plus**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းကုန်သွယ်မှုတွင် ထပ်ဆောင်းဆွဲဆောင်နိုင်မှုများလိုအပ်နေသေးကြောင်း ထိုင်းခရီးသွားအေးဂျင့်များအသင်းက သုံးသပ်ပြောကြားခဲ့ခြင်း

ထိုင်းနိုင်ငံ၏ ငွေကြေးနှင့် လွတ်လပ်သောခရီးသွားများအတွက် စီစဉ်ပေးနိုင်မှုတွင် အားနည်းချက်များကြောင့် ဂျပန်နိုင်ငံ၏ လူကြိုက်များမှုသည် သာလွန်လျက်ရှိရာ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းဆောင်ရွက်သူများက ခရီးသွား သန်း ၄၀ ဝင်ရောက်နိုင် ရေးအတွက် ဆွဲဆောင်မှုအသစ်များထပ်တိုးဆောင်ရွက်ခြင်းနှင့်ထောက်ပံ့မှုအရည်အသွေးများမြှင့်တင်ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းပြောကြားခဲ့သည်။

ပထမ ၁၁ လအတွင်း ဂျပန်နိုင်ငံသို့ ခရီးသွား ၃၃ ဒသမ ၃ သန်း ဝင်ရောက်ချိန်တွင် ထိုင်းနိုင်ငံသို့ ခရီးသွား ၃၂ သန်းဝင်ရောက်ခဲ့ပါကြောင်း၊ဂျပန်နိုင်ငံကယခုနှစ်အတွင်း ခရီးသွားဝင်ရောက်မှု ၃၅ သန်းအထိမှတ်တမ်းတင်ရန်ခန့်မှန်းထားခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံရှိ အဓိကနှင့် ဒုတိယမြို့တော်များတွင်ခရီးသွားကဏ္ဍသွမ်းမိုးလျက်ရှိသည့် လွတ်လပ်သောခရီးသွားများအတွက် ရထားလမ်းချိတ်ဆက်မှု၊ လုံခြုံမှု၊ သန့်ရှင်းမှုနှင့် ဆွဲဆောင်မှုများတွင် ကောင်းမွန်စွာ တည်ဆောက်ထားပါကြောင်း၊ ထိုင်းနိုင်ငံသားများ ဂျပန်နိုင်ငံသို့ ခရီးသွားမှုသည် ဂျပန်နိုင်ငံက ထိုင်းနိုင်ငံသားအတွက် ဗီဇာလိုအပ်ချက်ကင်းလွတ်ခွင့်မပြုခင် ၄၀၀,၀၀၀ ဦးမှ ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ၃သန်းထိ ရှိခဲ့ပါကြောင်း၊လာမည့်နှစ်များတွင် ထိုင်းခရီးသွား ၂ သန်းထိရောက်ရှိနိုင်သည့် အခွင့်အလမ်းရှိပါကြောင်း ထိုင်းခရီးသွားအေးဂျင့်များအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Adith Chairattananon ကပြောကြားခဲ့သည်။

တရုတ်ခရီးသွားများအတွက် ဗီဇာလျှော့ပေါ့ထားမှုလိုအပ်နေသေးသော်လည်း ဂျပန်နိုင်ငံသည် တရုတ်ခရီးသွားများအတွက် ဦးစားပေးနေရာဖြစ်နေသေးပါကြောင်း၊အနာဂတ်တွင် တရုတ်နိုင်ငံသားများအတွက် ဗီဇာလျှော့ပေါ့ထားမှု ကင်းလွတ်ခွင့်ပေးခဲ့ပါက ထိုင်းနိုင်ငံ၏ ခရီးသွားအများဆုံးအဖြစ်တည်ရှိမှုကိုသက်ရောက်လာနိုင်ကြောင်း၊ဂျပန်နိုင်ငံ၏ ခရီးသွားမြှင့်တင်မှုတွင် အစိုးရမှသည် ဒေသအာဏာပိုင်များထိဦးတည်ရာတစ်ဖက်တည်းသို့အတူတကွပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ ပြည်နယ်ခရီးသွားအဖွဲ့အစည်းများကလည်းပြည်ပခရီးသွားပြပွဲများတွင်တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါကြောင်း၊ ထိုင်းနိုင်ငံသည် သဘာဝဆွဲဆောင်မှုများ၊ နွေးထွေးသော ဧည့်ဝတ်ပျူငှာခြင်းနှင့် ယဉ်ကျေးမှုများတွင် အားသာချက်များရှိသော်လည်း ထိုင်းနိုင်ငံတွင် ခရီးသွားများကို ဆွဲဆောင်သည့်အချက်များမရှိကြောင်း နိုင်ငံခြားခရီးသွားလုပ်ငန်းဆောင်ရွက်သူများက မှတ်ချက်ပြုကြကြောင်း Mr. Adith က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ဆွဲဆောင်မှုအသစ်များ၊နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့်သယ်ယူပို့ဆောင်ရေးနှင့် တီထွင်ဖန်တီးသည့် နည်းလမ်းသစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါကြောင်း၊ ဥပမာအားဖြင့် တရုတ်အွန်လိုင်းဂိမ်းတစ်ခုဖြစ်သည့် “Black Myth: Wukong”သည် ပြည်တွင်းခရီးသွားများကို ဂိမ်းအတွင်းပါဝင်သည့်နေရာများသို့ လည်ပတ်ရန်နှင့်ပစ္စည်းများကို စုဆောင်းရန် အားပေးပါကြောင်း၊ ယှဉ်ပြိုင်သူများ များပြားလာသည်နှင့်အမျှ နိုင်ငံခြားသား ခရီးသွားများသည် ချင်းမိုင်သို့မဟုတ်ထိုင်းနိုင်ငံကို ၎င်းတို့၏ သွားရောက်လည်ပတ်လိုသည့် စာရင်းတွင် မထည့်သွင်းတော့ပါကြောင်း၊ ချင်းမိုင်သည် ဒေသလူနေမှုပုံစံနှင့် သဘာဝ တို့ကြောင့် ထင်ရှားသော်လည်းတိုးတက်ရန်နှင့် တန်ဖိုးမြှင့်တင်မှုတွင် အားနည်းပါကြောင်း၊ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ က ဖေဖော်ဝါရီလပန်းပွဲတော်နှင့် နိုဝင်ဘာ လွယ်ကထုန်ပွဲတော်များအတွက်သာ အာရုံစိုက်နေကြကြောင်း ထိုင်းဟိုတယ်အသင်း အကြံပေး Ms. La-iad Bungsrithong က ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပါကစ္စတန်နှင့်အိန္ဒိယတို့ထံမှ စုစုပေါင်းဆန်တန်ချိန် ၂ သန်းတင်သွင်းရန် ညှိနှိုင်းလျက်ရှိ

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လိုအပ်ချက်အားပြည့်မီရန် ပါကစ္စတန်နှင့်အိန္ဒိယ ၂ နိုင်ငံထံမှ စုစုပေါင်းဆန်တန်ချိန် ၂ သန်း တင် သွင်းရန်ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းစိုက်ပျိုးရေးဝန်ကြီးက ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် ပြော ကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးနေမှုမှာပြီးစီးခါနီးအခြေအနေတွင်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံဆန်လိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းဖြစ် သော ၁ သန်းအား နှစ်စဉ်တင်သွင်းခွင့်ရရှိရန်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟုမျှော်မှန်းထားသည်။

အလားတူ အိန္ဒိယနိုင်ငံနှင့်လည်း ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ပါကြောင်းနှင့် ဆန်ရောင်းချသည့်နိုင်ငံများကြားတန်းတူရောင်း ချခွင့်နှင့် ယှဉ်ပြိုင်ခွင့်ရရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သမ္မတမားကို့ဂျူနီယာ၏ ဆန်တင်သွင်းခြင်းဆိုင်ရာမဟာဗျူဟာဖြစ်သောနေရာအမြောက်အမြားမှဝယ်ယူခြင်းသည် စားသုံး သူများအတွက် ဈေးနှုန်းသက်သာစွာရရှိနိုင်စေနိုင်မည် ဖြစ်သည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းဆန်ရောင်းချတင်ပို့နေသူဖြစ်နေပြီး ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ သန်းထိတင်သွင်းရန် ၅ နှစ်သက်တမ်းရှိနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးထားပါကြောင်းနှင့် ယခုကဲ့သို့ ဈေးကွက် ချဲ့ထွင်ဝယ်ယူခြင်းကလည်း ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းနှင့်ပြည်တွင်းဆန်ရိက္ခာဖူလုံစေသည့် အကြောင်းအရင်း တစ်ခုဖြစ်လိမ့်မည်ဟု ပြောကြားထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Rice-for-All Program အတွက်လည်း ပြည် တွင်းရှိဆန်တင်သွင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆန်တစ်ကီလိုလျှင် ပီဆို ၄၀၊ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် Kadiwa Store များကိုလည်း ရည်မှန်းထားသည့်အတိုင်း လာမည့် ဇန်နဝါရီလ မတိုင်မီ ဆိုင်ခွဲ ပေါင်း ၃၀၀ အထိ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ ဆန်ကုန် သည်များနှင့် နိုင်ငံတကာမှ ဆန်ရောင်းချသူများကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

**Source : စီးပွားရေးသံမှူး၊ မနီလာမြို့**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၌ သဘာဝရော်ဘာ ဈေးနှုန်းမြင့်မားသဖြင့် ဓာတုရော်ဘာသုံးစွဲမှုပိုမိုမြင့်တက်



အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သောလအနည်းငယ်အတွင်း သဘာဝရော်ဘာနှင့် ဓာတုရော်ဘာတို့အကြား ဈေးနှုန်းကွာဟချက်ကြီးမားလာပြီး စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်များရောင်းချရမှုနှေးကွေးလာသဖြင့် ဓာတုရော်ဘာသုံးစွဲမှုသည်ပိုမိုလျင်မြန်စွာ တိုးတက်လာကြောင်း Deccan Chronicle သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယရော်ဘာကြီးကြပ်မှုအဖွဲ့၏အချက်အလက်များအရ ယခုနှစ်ဧပြီလမှ ဩဂုတ်လအတွင်း သဘာဝရော်ဘာသုံးစွဲမှုသည် ၁ ရာခိုင်နှုန်းဖြင့် အနည်းငယ်ကျဆင်းခဲ့ပြီး မော်တော်ယာဉ်တာယာထုတ်လုပ်သူများ၏ အသုံးပြုမှုမှာ ၂ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း၊ သို့သော် အဆိုပါကာလအတွင်း ဓာတုရော်ဘာသုံးစွဲမှုသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး မော်တော်ယာဉ်တာယာထုတ်လုပ်ရာ၌ အသုံးပြုမှုသည် ၁၃ ဒသမ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း သဘာဝရော်ဘာဈေးနှုန်းများမြင့်တက်လျက်ရှိချိန်၌ ဓာတုရော်ဘာ၏ အဓိကကုန်ကြမ်းပစ္စည်းဖြစ်သော ရေနံစိမ်းဈေးနှုန်းများမှာ ဆက်လက်ကျဆင်းနေခဲ့သည်။

ဧပြီလတွင် ဓာတုရော်ဘာ ၁ ကီလိုဂရမ်လျှင် ၁၇၃ ရူပီးနှုန်းရှိချိန်၌ သဘာဝရော်ဘာဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၁၈၂ ဒသမ၂၉ ရူပီးနှုန်းဖြင့် ၉ ရူပီး ပိုမိုမြင့်မားလျက်ရှိခဲ့သည်။

ထိုသို့ ၁ ကီလိုဂရမ်အပေါ် ဈေးနှုန်းကွာဟချက်သည် စက်တင်ဘာလ၌ ၃၈ ရူပီးအထိ မြင့်တက်ခဲ့ပြီး သဘာဝရော်ဘာနှင့် ဓာတုရော်ဘာတို့၏ ၁ ကီလိုဂရမ်ဈေးနှုန်းများမှာ ၂၂၉ ဒသမ၂၈ ရူပီးနှင့် ၁၉၁ ရူပီး အသီးသီးဖြစ်ပေါ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံရှိ မော်တော်ယာဉ်တာယာထုတ်လုပ်သူများအသင်းမှ ညွှန်ကြားရေးမှူးချုပ် Rajiv Budhiraja က ထိုသို့ဈေးနှုန်းခြားနားမှုသည် တာယာမဟုတ်သော ရော်ဘာပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများအကြား သုံးစွဲမှုကိုတိုးတက်စေနိုင်သော်လည်း တာယာထုတ်လုပ်သည့် လုပ်ငန်းများအတွက်မူ ဓာတုရော်ဘာနှင့် သဘာဝရော်ဘာတို့၏ ဈေးနှုန်းကွာဟချက်အချိုးအား အတိုင်းအတာတစ်ခုအတွင်း၌သာပြောင်းလဲမှုလုပ်ဆောင်နိုင်ကြောင်း၊ပုဂ္ဂလိကသုံးယာဉ်နှင့်နှစ်ဘီးတပ်ယာဉ်များနှင့်နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်များနှင့် ထွန်စက်များ ရောင်းချရမှုနှေးကွေးလျက်ရှိခြင်းက ဓာတုရော်ဘာသုံးစွဲမှုကို ပိုမိုများပြားစေကြောင်း၊ တာယာအစားထိုးလဲလှယ်မှုဈေးကွက်တွင်လည်းအလားတူရောင်းအားနည်းပါးမှုဖြစ်ပေါ်နေကြောင်းဖြင့် ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၄ ခုနှစ်ဧပြီလမှစက်တင်ဘာလအတွင်းစီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်များရောင်းချရမှုမှာ ၄ ဒသ မ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

မော်တော်ယာဉ်တာယာများ ထုတ်လုပ်ရာ၌ သဘာဝရော်ဘာနှင့် ဓာတုရော်ဘာတို့ပါဝင်သုံးပြုမှုရာခိုင်နှုန်းများမှာ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်ကြီးများ၌ တပ်ဆင်အသုံးပြုသောတာယာများအတွက် ၈၅ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ထွန်စက်တာယာများတွင် ၆၇ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်း အချိုးအစားဖြင့်လည်းကောင်း၊ ပုဂ္ဂလိကသုံးယာဉ်များ၏ တာယာအတွက် ၅၅ ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ နှစ်ဘီးတပ်စကူတာယာဉ်များ၌ ၃၀ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးသုံးစွဲမှုရှိကြောင်း သိရသည်။

**Source:DeccanChronicle,16Dec2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

# STOCK EXCHANGE (26.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Dec. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,230 (Shares) | 8,837,850 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 313 | 2,566,600 | 33,109,694 | 271,500 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 494 | 1,562,650 | 38,929,150 | 122,627 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,900 | 1,900 | 1,900 | 134 | 254,600 | 29,664,613 | 56,363 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 253 | 430,100 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,200 | 4,400 | 4,200 | 590 | 2,479,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 905 | 2,850,750 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.80 | -3.57 | -0.91% | 388.51 | 388.51 | 386.69 | 2,689 | 10,143,700 | 8 | 731,464 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 2,230 (Shares) | 8,837,850 (MMK) |

## Main Board

As of 1:00 pm, 26th Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,230 (Shares) | 8,837,850 (MMK) |

| MYANPIX | 387.80 ▼3.57 |
|---|---|
| Total Volume (shares) | 2,689 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 731,464 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |